# နိဒါန်း

''ကိစ္စမြားမြောင် လူတို့ဘောင်''ဟူသည်နှင့်အညီ လူသားတို့သည် လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ စားဝတ်နေရေးကိစ္စစသည်အားဖြင့် များပြားလှသော အရေးကိစ္စတို့ကို လုပ်ကိုင်ဆောင်ရွက်နေကြရသော ပုဂ္ဂိုလ်များဖြစ်သည်။

ထိုသို့သော အရေးကိစ္စများကို ဆောင်ရွက်ကြရာတွင် ယုံကြည်မှု'သဒ္ဓါ'၊ ချမ်းသာကို ပို့ဆောင်နိုင်သည့် ကောင်းစွာအလေ့အကျင့်ပြုရမည့် သုစိဏ္ဏတရား၊ သစ္စာတရားနှင့် ပညာတရားတည်းဟူသော ဤလေးပါးသောတရားသည် စီးပွားရေးတွင် ဖြစ်စေ၊ လူမှုဆက်ဆံပေါင်းသင်းရေးတွင်ဖြစ်စေ အလွန်ပင် လိုအပ်၏။

အတူယှဉ်တွဲနေထိုင်ကြသူအချင်းချင်း ယုံကြည်မှုသည် အလွန်ပင် လိုအပ်လှသည်။ အချင်းချင်းယုံကြည်မှုရမှ ချမ်းသာမည်။ လူတစ်ဦးတစ်ယောက်၏ ကြီးပွားမှု ဆုတ်ယုတ်မှု အခြေအနေကို ထိုသူ၏ အသွင်ပြင်လက္ခဏာတို့ကို ကြည့်ရှုလေ့လာခြင်းဖြင့် သိနိုင်သကဲ့သို့ ထိုသူ၏ ယုံကြည်မှု မှန်ကန်မှုရှိ/မရှိဖြင့် ခွဲခြားသိနိုင်ပါသည်။ သတ္တဝါတို့သည် အသွင်သဏ္ဌာန် စိတ်နေစိတ်ထား အမျိုးမျိုးကွဲပြားနေကြသဖြင့် ယုံကြည်ချက်သည်လည်း အမျိုးမျိုးကွဲပြားခြားနားနေကြ၏။ ယုံကြည်မှုသည် ချမ်းသာသုခရရှိရေးအတွက် အဓိကသော့ချက် ဖြစ်ပေသည်။

လူတစ်ယောက်သည် လောကီပညာ၌ဖြစ်စေ၊ လောကုတ္တရာပညာ၌ ဖြစ်စေ၊ စီးပွားရှာရာ၌ဖြစ်စေ၊ အခြေခံယုံကြည်မှုမရှိလျှင် ဘာမျှရမည်မဟုတ်။ မြတ်ဗုဒ္ဓကလည်း အာဠဝကနတ်ဘီလူးအား ''လောက၌ လူသား၏ အမြတ်ဆုံးဥစ္စာကား ယုံကြည်မှု သဒ္ဓါတရားပင်ဖြစ်သည်''ဟု ဤအာဠဝကသုတ္တန်၌ပင် ဟောကြားထား၏။ ဥပမာ–''ကျောင်းသားတစ်ဦးအတွက် စာမေးပွဲကို အောင်ရမည်''ဟု ယုံကြည်မှုမရှိလျှင် ရှေ့ဆက်ဘာမျှ လုပ်ဖြစ်မည် မဟုတ်ပေ။ စာမေးပွဲလည်း အောင်မည်မဟုတ်ပေ။ ထို့ကြောင့် ကျောင်းသား၏ စာမေးပွဲအောင်ရေးအတွက် အရင်းနှီးဥစ္စာကား ယုံကြည်မှုပင်ဖြစ်၏။ လောကုတ္တရာဘက်၌လည်း ဝိပဿနာ

တရားအားထုတ်သည့်အခါ တရားတော်၌လည်းကောင်း၊ ဟောကြားသည့် ဆရာတော်အပေါ်၌လည်းကောင်း၊ ယုံကြည်မှုမရှိလျှင် နိဗ္ဗာန်မဆိုထားဘိ သမာဓိ အနည်းငယ်မျှပင် ရနိုင်မည်မဟုတ်ပေ။ ထို့အတူ အခြားသောအရေးကိစ္စတို့၌ လည်း ယုံကြည်မှုမရှိလျှင် ဘာမျှဖြစ်ထွန်းလာမည် မဟုတ်။ သို့အတွက်ကြောင့် အာဠဝကနတ်ဘီလူးအား ''လောက၌ လူသား၏ အမြတ်ဆုံးဥစ္စာကား ယုံကြည်မှု သဒ္ဓါ''ဟု ဟောကြားခြင်းဖြစ်၏။

တစ်ဖန် လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ ပညာရေးကိစ္စ၊ စားဝတ်နေရေးကိစ္စ စသည့် အရေးကိစ္စများ ဆောင်ရွက်ရာ၌ ယုံကြည်မှုအပြင် ကောင်းစွာအလေ့အကျင့် ပြုရမည့် သုစရိုက်တရားလည်း ရှိဖို့လိုအပ်ပေသည်။ သုစရိုက်တရားဟူသည် ကုသလကမ္မပထတရား(၁၀)ပါးပင်တည်း။ (၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု၊ (၂) သူတစ်ပါးပိုင် ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု၊ (၃) ကာမတို့၌ ဖောက်ပြန်မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်မှု၊ (၄) မုသားစကားပြောခြင်းမှ ရှောင်ကြဉ်မှု၊ (၅) ကြမ်းတမ်းသောစကား ဆဲရေးကြိမ်းမောင်းခြင်းမှ ရှောင်ကြဉ်မှု၊ (၆) ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊ (၇) အကျိုးမရှိသော စကား ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊ (၈) သူတစ်ပါးဥစ္စာကို မတရားသဖြင့် ရယူလိုသော စိတ်အကြံမရှိမှု၊ (၉) သူတစ်ပါးပျက်စီးလိုသော စိတ်အကြံမရှိမှု၊ (၁၀) မှားယွင်းစွာ ဖောက်ပြန်သော အယူမရှိမှုတို့ပင် ဖြစ်၏။ဤကုသလကမ္မပထတရား(၁၀)ပါးဟု ခေါ်သော သုစရိုက်တရားနှင့်ပြည့်စုံနေမှသာ အရေးကိစ္စဟူသမျှ အောင်အောင် မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်၏။

အတူယှဉ်တွဲနေထိုင်ကြသူတိုင်း သုစရိုက်တရား (ကုသလကမ္မပထတရား) ရှိဖို့အပြင် အတူယှဉ်တွဲနေထိုင်ကြသူ အချင်းချင်းသစ္စာရှိဖို့လည်း အလွန်ပင် အရေးကြီးလှသည်။ အမှန်ကိုပြောဆိုခြင်းသည်ပင် သစ္စာဟုဆိုရပေမည်။ သောက်ရှူးကြယ်သည် ဥတုသုံးမျိုးလုံး၌ မိမိသွားမြဲလမ်းအတိုင်းသာ သွားလာ သကဲ့သို့ မည်သို့သော အခြေအနေဖြစ်ဖြစ် မှန်ကန်စွာပြောဆိုခြင်းသည် သစ္စာမည်

၏ဟု အဋ္ဌကထာဆရာက ဖွင့်ပြထားပေသည်။ သစ္စသဒ္ဒါကို အချုပ်ပြောရလျှင် နိဗ္ဗာန်ဟူသော ပရမတ္ထသစ္စာနှင့် ဝစီသစ္စာပင်ဖြစ်၏။ ထိုသစ္စာနှစ်မျိုးတွင် ဤနေရာ၌ နှုတ်အရကိုပြောလိုသဖြင့် ဝစီသစ္စာကို ယူရမည်ဖြစ်၏။ ထို့ကြောင့် နှုတ်ဖြင့် ပြောဆိုမှု ဝစီသစ္စသည် အရသာတို့တွင် အကောင်းမြတ်ဆုံးအရသာဖြစ်ကြောင်း ဤအာဠာဝကသုတ္တန်တွင် ဘုရားရှင်ဟောကြားထားပေသည်။

''စကားသစ္စာ၊ မှန်သောခါကား၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက် သစ်ပင်၊ ဆေးဖက်ဝင်၏''ဟူသော လင်္ကာအတိုင်း သစ္စာ၏အရိပ်အငွေ့ကို ရရှိ၍ ဖြစ်ပေါ်ပေါက်ပွားလာကြသော နွယ်မြက်သစ်ပင်ဟူသမျှသည် အလိုလိုပင် ဆေးဝါးကိစ္စတို့ကို ပြီးစေတတ်ကုန်၏၊ စားသုံးသည့် ဟင်းလျာတိုင်းသည်ပင် ဆေးဖက်ဝင်သွားလေ၏။ ထို့ကြောင့် အတူယှဉ်တွဲနေထိုင်ကြရာ၌ အတူယှဉ်တွဲနေထိုင်ကြသူ အချင်းချင်း သစ္စာရှိဖို့ အရေးကြီးလှပေသည်။

လူသားတို့သည် အရေးကိစ္စများဆောင်ရွက်ကြရာ၌ အသက်မွေးဝမ်းကိစ္စလည်း တစ်ခုအပါဝင်ဖြစ်ပေသည်။ အသက်မွေးခြင်း ကြီးပွားချမ်းသာဖို့ရန် ဆောင်ရွက်ရာ၌ ကာယဉာဏနှစ်ပါးတွင် မြတ်စွာဘုရားက ဤအာဠဝကသုတ္တန်၌ ဉာဏ်ပညာဖြင့်အသက်မွေးဝမ်းပြုခြင်းကိစ္စကို မြတ်သောအသက်မွေးခြင်းဟူ၍ ဟောကြားထားသည်ကို တွေ့ရ၏။

သို့ဖြစ်၍ အရေးကိစ္စများကို ဆောင်ရွက်ကြရာတွင် လူသားတို့အဖို့ ယုံကြည်မှုသဒ္ဓါ၊ ချမ်းသာကို ပို့ဆောင်နိုင်သည့် ကောင်းစွာအလေ့အကျင့်ပြုရမည့် သုစိဏ္ဏာတရား (ကုသလကမ္မပထတရား)၊ သစ္စာ၊ ပညာတရားများသည် စီးပွားရေးတွင်ဖြစ်စေ၊ လူမှုရေးတွင်ဖြစ်စေ၊ ပေါင်းသင်းဆက်ဆံရေးတွင်ဖြစ်စေ စသည် အရေးကိစ္စများတွင် လိုအပ်ပေ၏။

ဤအာဠဝကသုတ္တန်သည် မြတ်စွာဘုရားရှင် အာဠဝီပြည် အာဠဝကနတ်ဘီလူး၏ ဗိမာန်၌နေတော်မူစဉ် ဖြစ်ပေါ်လာသောသုတ္တန်ဖြစ်သည်။

# နိဒါန်း

အာဠဝကနတ်ဘီလူးက မြတ်စွာဘုရားအား အရေးကိစ္စ ပြဿနာပေါင်းစုံကို မေး၍ ဘုရားရှင်က ဖြေကြားထားသော သုတ္တန်ဖြစ်သည်။ သို့ဖြစ်၍ ဤသုတ္တန်ကို ရွတ်ဆိုပူဇော်သူတို့သည် အရေးကိစ္စပြဿနာပေါင်းစုံကို ဖြေရှင်းနိုင်မည့်အပြင် အတွင်းရန် အပြင်ရန်များကို အောင်မြင်နိုင်ခြင်း၊ စိတ်ပူပန်မှုကင်းဝေးခြင်း၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသော အရေးကိစ္စပြဿနာပေါင်းစုံကို ယုံကြည်မှုသဒ္ဓါ၊ မှန်ကန်သောသစ္စာ၊ ပညာ၊ သုစိတ္တာတရားစသည်တို့ဖြင့် ကျော်လွှားကာ အောင်မြင်မှု များစွာရရှိခြင်းစသော အကျိုးတရားများကို ခံစားစံစား ကြရမည် ဖြစ်ပါသည်။

အာဠဝကသုတ္တန်သည် များပြားလှသော အရေးကိစ္စတို့ကို လုပ်ကိုင် ဆောင်ရွက်နေသည့် လူသားများအဖို့ ရွတ်ဖတ်ပူဇော်ရန် အလွန်သင့်လျော်သော အစွမ်းထက်သည့်သုတ္တန်တစ်ခုပင် ဖြစ်ပါသည်။

ဤအာဠဝကသုတ္တန်ကို ရွတ်ဖတ်ပူဇော်ကြခြင်းဖြင့် ဘေးရန်အပေါင်းကို အောင်နိုင်ကြပါစေ၊ ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးကြပါစေ။ လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားကို ယုံကြည်မှုသဒ္ဓါ၊ သုစိတ္တာတရား၊ သစ္စာ၊ ပညာများဖြင့် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုရင်း **''အာဠဝကသုတ္တန် ပါဠိ+မြန်မာပြန်''**စာအုပ်ကို ပုံနှိပ်ထုတ်ဝေအပ်ပါသည်။

**သာသနာရေးဦးစီးဌာန**

